# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

May 27 , 2024 Volume 78, Number 17


၂၇.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၆၆၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၂၇၈.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၆.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၄၁၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## နှစ်နိုင်ငံကုန်သွယ်မှုတွင် ကျပ်နှင့်တာကာ တိုက်ရိုက်ငွေပေးချေမှုလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ရန် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်ဆွေးနွေး



နှစ်နိုင်ငံကုန်သွယ်မှုတွင် ကျပ်နှင့်တာကာ တိုက်ရိုက်ငွေပေးချေမှုလုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain တို့ ဆွေးနွေးခဲ့ကြောင်းသိရသည်။

မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးတို့တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်စေရေးအတွက် ကုန်သွယ်မှုတွင် ဘင်္ဂလားဒေ့ရှ် တာကာ-မြန်မာကျပ်တို့ဖြင့် တိုက်ရိုက်ငွေပေးချေမှု လုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရန်နှင့် ကုန်သွယ်မှုကိုအထောက်အကူပြုသည့် ဘဏ်လုပ်ငန်းကဏ္ဍအား ထပ်မံအဆင့်မြှင့်တင်ဆောင်ရွက်ရန်တို့အတွက် ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/291995

## လမ်းပိုင်းအခက်အခဲကြောင့် မြဝတီနယ်စပ်ကုန်သွယ်ရေး ကုန်စည်စီးဆင်းမှု ခေတ္တရပ်တန့်ထားရဆဲ

မိုးရွာသွန်းမှုနှင့် လမ်းချော်/လမ်းပျက်စီးနေမှုများကြောင့် မြဝတီနယ်စပ်ကုန်သွယ် ရေး ကုန်စည်စီးဆင်းမှု ခေတ္တရပ်တန့်ထားရကြောင်း မြဝတီနယ်စပ်ကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

ယခုရက်ပိုင်းတွင် မုန်တိုင်းအရှိန်ကြောင့် တစ်နိုင်ငံလုံးအနှံ့ မိုးရွာသွန်းနေပြီး မြေသားလမ်းများကိုသာ အများဆုံးအားပြုနေရသည့် မြဝတီကုန်သွယ်ရေး လမ်းကြောင်းမှာ သွားလာရခက်ခဲမှုများရှိနေကာ ကုန်ကားများ ခေတ္တရပ်နား ထားရကြောင်းသိရသည်။ "လမ်းကမိုးရွာထားတော့ အဆင်မပြေဘူး။ လမ်းချော် တာတွေ ဘာတွေဖြစ်တယ်။ ပြီးတော့ ကုန်တွေတင်ပြီးသွားရတာဆိုတော့ အဆင်မပြေဘူး။ ဒါကြောင့်ကားတွေကိုလည်း သိပ်မလွှတ်ရဲဘူးဖြစ်နေတာ။ အရင်လွှတ်ထားပြီးသား ကားတွေပဲသွားနေတယ်။ ကားသစ်တွေကတော့ မလွှတ်ထားဘူး။ ရပ်ထားတယ်"ဟု သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိတွင် မုန်တိုင်းအရှိန်ကြောင့် မွန်၊ ကရင်အပါအဝင် မြန်မာနိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး လာမည့်ရက်ပိုင်းအတွင်း ဆက်လက်ရွာနိုင်သည့် အခြေအနေရှိနေဆဲဖြစ်သည်။ ယင်းကဲ့သို့ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားပြီးလည်းဖြစ်သည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း၏ အဓိကလမ်းကြောင်းဖြစ်သည့် မြဝတီ–ကော့ကရိတ် (အာရှလမ်း) ကုန်သွယ်ရေးလမ်းကြောင်းမှာ တိုက်ပွဲများကြောင့် လက်ရှိအချိန်ထိ ပိတ်ထားရဆဲဖြစ်သည့်အတွက် တောလမ်းကိုသာအသုံးပြု၍ ကုန်သွယ်မှုပြုလုပ်နေရခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=160170

## ကွမ်းရွက်ဈေးနှုန်းများ အဆမတန်မြင့်တက်မှုကြောင့် အရောင်းဆိုင်တချို့ပိတ်ထားရ



ရန်ကုန်မြို့အတွင်း ကွမ်းရွက်ဈေးနှုန်းများ အဆမတန်မြင့်တက်လာသောကြောင့် ကွမ်းရွက်အရောင်းဆိုင်တချို့ ပိတ်ထားရကြောင်း ကွမ်းယာအရောင်းဆိုင်များထံမှသိရသည်။

ယခုလအတွင်း ဧရာဝတီတိုင်းဒေသကြီးဘက်၌ မိုးသက်လေပြင်းကျရောက်မှုများကြောင့် ကွမ်းခြံတချို့ပျက်စီးခဲ့ပြီး ရန်ကုန်သို့တင်ပို့နေသည့် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း ကွမ်းရွက်ရောင်းသူတစ်ဦးကပြောသည်။ "အရင်က ကွမ်းရွက်သွားဝယ်ရင် ငွေငါးသိန်းလောက်ပါရင် ကွမ်းလေးခြင်းလောက်ပါတယ်။ အခုသွားရင် တစ်ခြင်းလောက်ပဲပါတော့ ပြန်ရောင်းတဲ့အခါ အဆင်မပြေဘူး။ ပြီးတော့ ကွမ်းဈေးအတက်အကျလည်းမြန်တော့ အများကြီးမဝယ်ထားရဲဘူး။ ကိုယ်ဝယ်ပြီးမှ ဈေးထိုးကျမှာလည်းစိုးရတယ်။ ဒါကြောင့် မရောင်းဘဲ ဈေးကျတဲ့အထိစောင့်ပြီး အခုတော့နားထား ပါတယ်" ဟု ၎င်းကပြောသည်။

ယခုမေလပထမပတ်အတွင်း ကွမ်းရွက်ဈေးနှုန်းများမှာ ပန်းတနော်(ရှယ်ကွမ်း) တစ်ပိဿာ ၉၀၀၀ ကျပ် ရိုးရိုးကွမ်း တစ်ပိဿာ ၈၀၀၀ ကျပ်နှင့် အရွက်ဆိုဒ်ကြီး တစ်ပိဿာ ၆၀၀၀ ခန့်သာရှိခဲ့ရာမှ လက်ရှိကွမ်းရွက်ဈေးနှုန်းများမှာ ပန်းတနော်(ရှယ်ကွမ်း) တစ်ပိဿာ ၂၅,၀၀၀ ကျပ်၊ ရိုးရိုးကွမ်း တစ်ပိဿာ ၂၂,၀၀၀ ကျပ်နှင့် အရွက်ဆိုဒ်ကြီးတစ်ပိဿာ ၁၉,၀၀၀ ကျပ်ထိ မြင့်တက်ခဲ့ကြောင်းသိရသည်။ "အရင်က ကွမ်းတစ်ယာကို ၅၀ ကျပ်နဲ့ရောင်းတယ်။ ကွမ်းရွက်ဈေးက တစ်နေ့ထက်တစ်နေ့တက်လာတော့ ၂၀၀ ဖိုးကို သုံးယာနဲ့ရောင်းတယ်။ နောက်နေ့ကွမ်းဈေးထပ်တက်တော့ ကွမ်းတစ်ယာကို ၁၀၀ ကျပ်နဲ့ရောင်းတော့ ကွမ်းဝယ်စားတဲ့သူတွေလျော့သွားတယ်။ အခု ကွမ်းဆိုင်ကိုပိတ်ပြီး ကွမ်းဈေးကျမှပြန်ဖွင့်တော့မယ်"ဟု မြောက်ဥက္ကလာပမြို့နယ်မှ ကွမ်းယာရောင်းသူတစ်ဦးကပြောသည်။

လက်ရှိတွင် ကွမ်းရွက်ဈေးနှုန်းအပြင် ကွမ်းသီး၊ ကွမ်းစားဆေးနှင့်ဆက်စပ်ပစ္စည်းဈေးများလည်း ဈေးတည်ငြိမ်မှုမရှိဘဲ ကွမ်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်များထံမှသိရသည်။

**Source:** https://t.me/sdtimedaily

## တရုတ်ဝယ်လိုအားကြောင့် ဈေးကောင်းရနေတဲ့ မြန်မာကွမ်းသီးနု

မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအနေနဲ့ တရုတ်နိုင်ငံဘက်ကို ပို့ကုန်တင်ပို့ရာ အများစုသိကြတာက ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဖရဲသီးစတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေပါ။

တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကထွက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေကို အဓိကတင်သွင်းနေတယ်ဆိုပေမဲ့လည်း အခြားထွက်ကုန်ပစ္စည်းတချို့ကို တင်သွင်းနေတာတွေလည်းရှိနေပါတယ်။ အဲဒီအထဲမှာ မြန်မာနိုင်ငံကထွက်ရှိတဲ့ ကွမ်းသီးအနုကို ဝယ်ယူတင်သွင်းတဲ့ ဈေးကွက်ကလည်း တစ်ခုအပါဝင်ဖြစ်ပါတယ်။




အခုနောက်ပိုင်းမှာ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကထွက်ရှိတဲ့ ကွမ်းသီးအနုကို ဝယ်ယူတင်သွင်းမှုက သိသိသာသာ များလာတယ်လို့ ကွမ်းသီးပင်စိုက်ပျိုးတဲ့ တောင်သူတွေကဆိုပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကနေ သွင်းကုန်ပစ္စည်းတွေ တင်သွင်းရာမှာ ကွမ်းသီးနုတင်သွင်းတဲ့ ဈေးကွက်က အကြီးဆုံး သွင်းကုန်လုပ်ငန်းတွေထဲက တစ်ခုအပါအဝင်ဖြစ်လာတာပါ။

ကွမ်းသီးအနုဆိုတာကတော့ ကွမ်းသီးရဲ့အပြင်ပိုင်း အခွံစိမ်းနေတာကို ယေဘုယျအားဖြင့် ကွမ်းသီးနုလို့ သတ်မှတ်ခေါ်ဆိုကြတာဖြစ်ပါတယ်။ တရုတ် ကုန်သည်တွေအနေနဲ့ ကွမ်းသီးနုကို ဝယ်ယူရာမှာ အခိုင်လိုက်အနေနဲ့သော်လည်းကောင်း၊ အလုံးလိုက်အနေနဲ့သော်လည်းကောင်း၊ ကီလိုချိန်နဲ့သော်လည်းကောင်း ဝယ်ယူကြတာဖြစ်ပါတယ်။ လက်တွေ့မြေပြင်မှာ ဝယ်ယူကြတာကတော့ ကွမ်းသီးနုကို အလုံးလိုက်အနေနဲ့ဝယ်ယူကြတာများတယ်လို့ဆိုပါတယ်။

တရုတ်နိုင်ငံကနေဝယ်ယူတဲ့ အရည်အသွေးမီ ကွမ်းသီးနုရဲ့အလေးချိန်က ၂၀ ဂရမ်ကနေ ၃၀ ဂရမ်အထိရှိရမှာဖြစ်တယ်လို့ သိရတယ်။ ဒီနှစ်မှာတော့ အရည်သောက်အရွယ် ကွမ်းသီးနုတွေကို တရုတ်ကုန်သည်တွေက ကျေးရွာတွေအထိဆင်းပြီး ဈေးကောင်းပေးဝယ်ယူနေတာကြောင့် ကွမ်းသီးအနုတွေရဲ့ ဈေးနှုန်းတွေက အမြင့်ဈေးမှာရရှိနေတယ်လို့ ဧရာဝတီတိုင်းဒေသကြီးရှိ ကွမ်းသီးပင်စိုက်ပျိုးတဲ့ တောင်သူတွေက ပြောဆိုထားပါတယ်။

ကွမ်းသီးအနုတွေက ၅ လပိုင်းလောက်ကနေ စပြီးပေါ်တာပေါ့။ ၆ လပိုင်း ၇ လပိုင်းရောက်ရင်တော့ ကွမ်းသီးနု လှိုင်လှိုင်ပေါ်တယ်လို့ ပြောလို့ရပါတယ်။ ကွမ်းသီးဈေးအနေနဲ့ကတော့ ကွမ်းသီးအမှည့်တွေထက် ကွမ်းသီးအနုတွေက ဈေးပိုရပါတယ်။ ကွမ်းသီးနုတွေကို အဓိကဝယ်ယူတာကတော့ တရုတ်ကုန်သည်တွေပေါ့။ တရုတ်ကုန်သည်တွေက ကွမ်းသီးအနုကိုပဲ အဓိကထားဝယ်ယူကြပါတယ်။ ဒါကြောင့် ကွမ်းသီးအနုက ဈေးကောင်းရနေတာပေါ့။ ကွမ်းသီးအနုဈေးနှုန်းက အရင်နှစ်က တစ်လုံး ငွေကျပ် ၃၀ နဲ့ ၄၀ ကျပ် ဝန်းကျင်လောက်သာရရှိပေမဲ့ ဒီနှစ်မှာတော့ ကွမ်းသီးအနုတစ်လုံးရဲ့ ဈေးနှုန်းက ငွေကျပ် ၇၀ အထိ ဈေးနှုန်းမြင့်တက်သွားတယ်။ ဒါကြောင့် ကွမ်းသီးပင်စိုက်ပျိုးသူတွေက ကွမ်းသီးနုတွေကို ထွက်ရှိသလောက် ခူးယူရောင်းချကြတယ်လို့ ဧရာဝတီတိုင်းဒေသကြီး လူကောင်းကျွန်းကျေးရွာမှာနေတဲ့ ကွမ်းသီးပင်စိုက်ပျိုးသူ ဦးဝင်းမြင့်ကဆိုပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာ မြစ်ချောင်းနဲ့နီးတဲ့ မြို့နယ်အများစုမှာ ကွမ်းသီးပင်တွေကို စိုက်ပျိုးကြပါတယ်။ ကွမ်းသီးပင်က နှစ်ရှည်ပင်ဖြစ်တဲ့အတွက် ကွမ်းသီးပင် တစ်ပင်ကနေ အသီးသီးဖို့ ၇ နှစ်လောက် အချိန်ကြာတယ်လို့ဆိုပါတယ်။ အရင်ကတော့ ဧရာဝတီတိုင်းဒေသကြီးမှာ ကွမ်းသီးဈေးကွက်က ကွမ်းသီးမှည့်တွေကို အခြောက်ခံပြီး ခြောက်သွားတဲ့အခါ ကွမ်းသီးတွေကို ခွဲခြမ်းပြီး အလေးချိန်ပိဿာနဲ့ပဲ ဒေသအသီးသီးကို တင်ပို့ရောင်းချတာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာတော့ ကွမ်းသီးခြောက်ဈေးကွက်ထက် ကွမ်းသီးနုဈေးကွက်ကို အားထားသူတွေ များလာတယ်လို့ ဆိုပါတယ်။ ကွမ်းသီးစိုက်ပျိုးသူတွေက ဈေးကောင်းပေးဝယ်တဲ့ တရုတ်ကုန်သည်တွေကို ကွမ်းသီးနုတွေ ပိုမိုရောင်းလာကြတယ်လို့ ဆိုပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ကွမ်းသီးနုများကို မြောက်မြားစွာဝယ်ယူပြီး ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ရောင်းချနေတာဖြစ်တယ်လို့သိရပါတယ်။ ကုန်ချောထုတ်လုပ်ရာတွင် ကွမ်းသီးရဲ့အထဲကအဆံကို အသုံးပြုခြင်းမျိုးမဟုတ်ဘဲ အပေါ်ကအစိမ်းရောင်အခွံကို အသုံးပြုကြတာဖြစ်တယ်လို့ဆိုပါတယ်။ တရုတ်လူမျိုးတွေဟာ ကွမ်းသီးတွေကို အရသာပိုကောင်းအောင် ပေါင်းစပ်ဖော်ထုတ်ပြီး အဆာပြေသရေစာအဖြစ် စားသုံးကြတယ်လို့သိရပါတယ်။ ကွမ်းသီးများကို အရသာပိုကောင်းအောင် ပေါင်းစပ်ဖော်ထုတ်ပြီး အဆာပြေသရေစာအဖြစ်ပြုလုပ်ထားမှုကို တရုတ်လူမျိုးတွေဟာ လူကြီး၊ လူငယ်မရွေးစားသုံးကြတဲ့ ရိုးရာအဆာပြေစာတစ်ခုလည်းဖြစ်တယ်လို့ ဆိုပါတယ်။

ကွမ်းသီးနုရဲ့ အပေါ်ကအခွံကို သရေစာပြုလုပ်ရာမှာလည်းကောင်း၊ ဆေးဖော်စပ်ရာမှာလည်းကောင်း အသုံးပြုကြတယ်လို့ သိရပါတယ်။ ကွမ်းသီးနုကနေ ဖော်စပ်တဲ့ဆေးတွေကတော့ အစာခြေဆေး၊ သန်ချဆေး၊ ခံတွင်းရနံ့သန့်စင်ဆေးရည်တွေနဲ့ စိတ်နဲ့ပတ်သက်တဲ့ စိတ်ကျရောဂါဆိုင်ရာ ရောဂါတွေကို ကုသနိုင်တဲ့ဆေးတွေ ထုတ်လုပ်တာဖြစ်တယ်လို့ သိရပါတယ်။

တရုတ်နိုင်ငံကထုတ်လုပ်တဲ့ ကွမ်းသီးနုကရတဲ့ အဆာပြေသရေစာဟာ တရုတ်နိုင်ငံမှာသာမကဘဲ အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နဲ့ကမ္ဘောဒီးယားနိုင်ငံတွေမှာပါ ရေပန်းစားနေပြီး ဈေးကွက်ထိုးဖောက်ဝင်ရောက်နေပြီဖြစ်တယ်လို့သိရပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ကွမ်းသီးထုတ်လုပ်မှု လုပ်ငန်းကနေရရှိတဲ့ဝင်ငွေက တစ်နှစ်ကို ယွမ်ဘီလီယံ ၃၀ အထိ ရရှိနေတယ်လို့ အချက်အလက်ဖော်ပြချက်တွေအရ သိရပါတယ်။

ဒါကြောင့် အိမ်နီးချင်း တရုတ်နိုင်ငံကဝယ်ယူတဲ့ ကွမ်းသီးနုဈေးကွက်က အခိုင်အမာရှိနေတာကြောင့် မြန်မာနိုင်ငံကထွက်ရှိတဲ့ ကွမ်းသီးနုဈေးနှုန်းကလည်း အမြင့်ဈေးမှာပဲ ဆက်လက်ရှိနေမှာဖြစ်တယ်လို့ ကွမ်းသီးအရောင်းအဝယ်ပြုလုပ်တဲ့ ကုန်သည်တွေနဲ့ ကွမ်းသီးပင် စိုက်ပျိုးတဲ့ တောင်သူတွေက အခိုင်အမာယုံကြည်နေကြပါတယ်။

**Opinion Leaders မှ ကူးယူဖော်ပြပါသည်။**

Source: https://htwettoe.com/download

## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းနေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပင်လယ်ငါးကွမ်းရှပ်အချိုခြောက်နှင့် အငန်ခြောက် နှစ်မျိုးထွက်ရှိပြီး မေလပထမပတ်ကစတင်ပြီး ၂၅-၅-၂၀၂၄ ရက်နေ့ထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါဒေသထွက် ငါးကွမ်းရှပ်ခြောက်များမှာ တစ်ရက်လျှင် ပိဿာချိန် ၂၀၀ မှ ၅၀၀ ထိ ရောင်းချနေရကြောင်း သိရသည်။ "ပင်လယ်ငါးကွမ်းရှပ်ခြောက်တွေ အခုမေလပထမပတ်ကတည်းက စတင်အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်။ အခု ငါးကွမ်းရှပ်ခြောက်ဈေးကလဲ အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက်ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေပါတယ်။ ပိုမိုပြီး ရောင်းအားရှိနေတာကတော့ ငါးကွမ်းရှပ်ခြောက်ပါ၊ လက်ရှိ ငါးခြောက် ကုန်ကြမ်းတွေ ရှားနေပါတယ်။ မနှစ်ကလောက် မပေါ်ဘူး။ ငါးကွမ်းရှပ်ခြောက် ဝယ်ယူမှုအားကောင်းနေတော့ ငါးခြောက်လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်။ အခုမေလထဲမှာလဲ ရန်ကုန်ဈေးကွက်က ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ အခြားငါးခြောက်တွေထက် ငါးကွမ်းရှပ်ခြောက်ကပဲ အရောင်းအဝယ်ပိုကောင်းနေပါတယ်" ဟု လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဌေးဌေးကပြောပြသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ငါးပိ၊ ငါးခြောက်များပြုလုပ်ပြီး ဒေသထွက်ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၂၇၅,၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှ ထွက်ရှိသည့်ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလာ

မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း ပြည်ပနိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယ နိုင်ငံဘက်ကလည်း ကြက်သွန်နီကို ဝယ်ယူမှုပြန်လည်များပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ ဆိပ်ဖြူနဲ့မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေလည်း မန္တလေးဈေးကွက်ထဲ အရောင်းအဝယ် ပြန်ကောင်းလာတယ်၊ အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေကတော့ အရောင်းအဝယ် တော်တော်လေး ကောင်းမွန်နေပါတယ်" ဟု ဒေါ်မေသဲဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၊ ဆိပ်ဖြူနှင့် မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ရှိကြောင်းသိရသည်။

"ပြည်ပနိုင်ငံတွေက ကြက်သွန်နီအဝယ်များရင်တော့ မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်နီအရောင်းအဝယ်က ဒီထက် ပိုပြီးကောင်းလာဖို့ရှိပါတယ်"ဟု အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်မှုများ တိုးမြှင့်သွားမည့်တရုတ်နိုင်ငံ

ယခုနှစ်တွင် တရုတ်နိုင်ငံမှ လျှပ်စစ်ကားထုတ်လုပ်သူများသည် ထိုင်းနိုင်ငံ၌ ၎င်းတို့၏ထုတ်လုပ်မှုများကို တိုးမြှင့်သွားမည်ဟု သိရသည်။ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ပြောကြားချက်အရ တရုတ်နိုင်ငံမှ ကားထုတ်လုပ်သူများသည် ယခုနှစ် တတိယ သုံးလပတ်တာကာလမှစတင်၍ ထိုင်းနိုင်ငံ၌ ထုတ်လုပ်မှုများကိုစတင်သွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံကလိုအပ်သည့် ကုန်ကြမ်းပစ္စည်း များကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ BYD နှင့် GAC Aion တို့သည် ယခုနှစ်၏ တတိယသုံးလပတ်နှင့် စတုတ္ထသုံးလပတ်တို့တွင် လျှပ်စစ်ကားထုတ်လုပ်သွားမည်ဖြစ်ပြီး၊ Changan မှာ ၂၀၂၅ ခုနှစ်၊ အစောပိုင်းကာလတွင် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်မှုများ စတင်သွားမည်ဟု ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် Narit Therdsteerasukdi က ပြောကြားခဲ့သည်။ BYD သည် နှစ်စဉ် လျှပ်စစ်ကားအစီးရေ (၁၅၀,၀၀၀) ထုတ်လုပ်ရန်စီစဉ်ထားပြီး GAC Aion မှာ နှစ်ဝက်တာ ကာလတွင် လျှပ်စစ်ကားအစီးရေ (၅၀,၀၀၀) ထုတ်လုပ်ရန်ရည်ရွယ်ထားကြောင်း သတင်းမီဒီယာများ၏ အဆိုအရ သိရသည်။ Changan မှာ တစ်နှစ်လျှင် လျှပ်စစ်ကားအစီးရေ (၁၀၀,၀၀၀) ထုတ်လုပ်မည်ဟု ကြေညာထားပြီး ဘက်ထရီစွမ်းအင်သုံး ယာဉ်အစီးရေ (၃၀,၀၀၀)မှ (၅၀,၀၀၀) ကို စတင်ထုတ်လုပ်သွားမည်ဟု သိရသည်။ Great Wall Motor(GWM)၊ Neta၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖက်စပ်ထုတ်လုပ်သည့် SAIC Motor-CP တို့သည် ၎င်းတို့၏ လျှပ်စစ်ကား များကို ထိုင်းနိုင်ငံရှိ စက်ရုံများတွင် စတင်ထုတ်လုပ်နေပြီဟု Mr Narit ကပြောကြားခဲ့သည်။ ဆက်လက်၍ Mr Narit က ပြည်တွင်းဈေးကွက်ရှိ လျှပ်စစ်ကားများ အတွက် အစိတ်အပိုင်းများ ထောက်ပံ့မှုကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် လျှပ်စစ်ကားထုတ်လုပ်မှုများ မြင့်တက်လာရန် မျှော်လင့်ကြောင်း၊ ထို့အတွက် ထိုင်းနိုင်ငံသည် ဒေသတွင်း၌ လျှပ်စစ်ကား ထုတ်လုပ်သည့် အချက်အချာဒေသဖြစ်လာမည်ဖြစ်ကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်အတွင်း ဘုတ်အဖွဲ့သည် လျှပ်စစ်ကားနယ်ပယ် အတွက် ဘတ် (၈၀)ဘီလီယံတန်ဖိုးပမာဏရှိသည့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးပေးခဲ့ကာ လျှပ်စစ်ကားအစီးရေ (၄၀၀,၀၀၀) ထုတ်လုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ပြောကြားမှုကို ၁၅-၅-၂၀၂၄ ရက်နေ့မှ ၁၇-၅-၂၀၂၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော တရုတ်နိုင်ငံမှ အဓိကလျှပ်စစ်ကား ထုတ်လုပ်သူများတက်ရောက်သည့် "လျှပ်စစ်ကားထောက်ပံ့မှု ကွင်းဆက်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့စာတမ်းဖတ်ပွဲ"တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့သည် ဘက်ထရီထုတ်လုပ်ခြင်းနှင့် လျှပ်စစ်ကားအားသွင်းရုံများ တည်ဆောက်ခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံ လျှပ်စစ်ကားလောကတိုးတက်ရန် မြှင့်တင်မှုများပြုလုပ်ခဲ့သည်။ ဘုတ်အဖွဲ့အဆိုအရ တရုတ်လျှပ်စစ်ကား ထုတ်လုပ်သူများသည် လျှပ်စစ်ကားအတွက် လိုအပ်သည့်အစိတ်အပိုင်းများကို ထိုင်းနိုင်ငံထံမှ ဝယ်ယူရန်ဆုံးဖြတ်ထားပြီး ထိုင်းနိုင်ငံကလည်း လျှပ်စစ်ကားအစိတ်အပိုင်းစုစုပေါင်း၏ (၉၀) ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးနိုင်ကြောင်းသိရသည်။

**Source: Bangkok Post**

**DOCA(ရန်ကုန်)** https://www.doca.gov.mm/my/node/20450

# STOCK EXCHANGE (27.5.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th May, 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 23,340 (Shares) | 60,615,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,600 | 313 | 2,722,000 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 3,384 | 9,759,200 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,500 | 1,550 | 1,500 | 5,561 | 8,619,300 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 40 | 68,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 0 | 0 | 10,497,598 | 49,339 |
| MAEX | 00008 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 1,042 | 2,396,600 | 23,804,946 | 54,751 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 27th May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.61 | +1.03 | +0.28% | 371.58 | 372.61 | 370.07 | 10,340 | 23,565,100 | 8 | 702,811 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th May, 2024

| Trading Volume | Trading Value |
|---|---|
| 23,340 (Shares) | 60,615,100 (MMK) |

## Main Board

As of 1:00 pm, 27th May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 23,340 (Shares) | 60,615,100 (MMK) |

| MYANPIX | 372.61 ▲ 1.03 |
|---|---|
| Total Volume (shares) | 10,340 |
| Total Value (MMK) | 24 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,811 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 2,300 | ▲ 0 |